နွေဦးအသံ
the voice of spring
6.7.2021 · Tuesday · No . 72 · Daily News Pamphlet

## တတိယအကြိမ်၊ ရန်ကုန်တိုင်းလွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေးကို CRPH က ပြုလုပ်ဆွေးနွေးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – NUG မှ

## CDM ပြုလုပ်သူ ကိုဗစ်ကာကွယ်ဆေးညွှန်မှူး၏ (၇) နှစ်အရွယ် ကလေးငယ်ကို စစ်အုပ်စုကဖမ်းဆီးထား

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စု၏ အကြမ်းဖက်ရန်လိုမှုများအပြင် ကိုဗစ်တတိယလှိုင်းကာလအတွင်း ပြည်သူများကို ထိရောက်သော အကူအညီများ လုံခြုံလျင်မြန်စွာ ပံ့ပိုးကူညီနိုင်ရေးကိစ္စများကို NUG လူသားချင်းစာနာကူညီရေးနှင့် ဘေးအန္တရာယ် တုန့်ပြန်ရေးကော်မရှင်က ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးပွဲ ပြုလုပ်၍ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## ဘုံရန်သူကို ချေမှုန်း၊ ဖက်ဒရယ်အရရှန်းမည့် ပြောက်ကျားသပိတ်စစ်ကြောင်းများကို ပြုလုပ်ခဲ့ကြ









ဂျူလိုင်လ(၅)ရက်၊ ပြုလုပ်ခဲ့သည့် ရန်ကုန်မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်း၊ မန္တလေးလူငယ်သပိတ်စစ်ကြောင်းနှင့် ချမ်းမြသာစည်သပိတ်စစ်ကြောင်းတို့ကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## PDF တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အပတ်စဉ်(၅) စစ်သင်တန်းဆင်းပွဲသို့ နိုင်ငံအနှံ့ ပေါ်ပေါက်နေသည့် လူငယ်အစု အဖွဲ့များ၏ ခုခံစစ်လှုပ်ရှားမှုများကို စနစ်တကျ တစုတစည်းဖြစ်စေရန် ရည်ရွယ်ပြီး ညီနောင်တိုင်းရင်းသားတော်လှန်ရေး အင်အားစုများနှင့် လက်တွဲကြိုးပမ်းသွားမည်ဟု NUG ကာကွယ်ရေး ဝန်ကြီးဦးရည်မွန်က သဝဏ်လွှာပေးပို့ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – MOD မှ

## ကောလင်း၌ စစ်အုပ်စုယာဉ်တန်းမိုင်းဆွဲခံခဲ့ရသဖြင့် (၄၀)ခန့် သေဆုံးခဲ့ပြီး PDF (၃)ဦးခန့်ကျဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## ဧပြီလ၌ ဂျပန်သံရုံးဝန်ထမ်းများ၏နေအိမ်များကို စစ်အုပ်စုမှ ဝင်ရောက်ရှာဖွေခဲ့မှုအပေါ် ဂျပန်အစိုးရ ကန့်ကွက်ခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## စစ်အုပ်စုက လုပ်ကြံတင်သွင်းသည့် သက်သေစာရွက်များကို ဒေါ်အောင်ဆန်း စုကြည်ရှေ့နေများမှ ထပ်မံကန့်ကွက်မှုကို ခရိုင်အဆင့်က ဆက်လက်ပယ်ချခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၅)ရက်အထိ**

**ကျဆုံးသူဦးရေ - ၇၉၂ ဦး**
**အဖမ်းဆီးခံရသူဦးရေ- ၆၅၁၃ ဦး**
**ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၄ ဦး**

ရင်းမြစ် – အေအေပီပီမှ

နွေဦးအသံ
the voice of spring
6.7.2021 · Tuesday · No . 72 · Daily News Pamphlet

## အရေးတော်ပုံ မုချ အောင်ရမည်

## သတင်းမှတ်စု

ဂျူလိုင်(၅)ရက်၊ ၂၀၂၁

- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ-၅၀၅(က)ဖြင့် တရားစွဲဆိုရာတွင် တရားလိုဘက်က တင်သွင်းသည့် သက်သေခံစာရွက်များကို လက်မခံကြောင်း ရှေ့နေအဖွဲ့၏ ကန့်ကွက်ချက်ကို မြို့နယ်တရားရုံးက ပယ်ချခဲ့သည့်အတွက် ယနေ့ရုံးချိန်း၌ ခရိုင်တရားရုံးသို့ ဆက်လက်တင်ပြသော်လည်း ပလပ်ခဲ့ဟုသိရ။
- စစ်အုပ်စုက နိုင်ငံတော်ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ သုံးသန်းကို တဒေါ်လာလျှင် ၁၆၂၅ ကျပ်နှုန်းဖြင့် ထုတ်ရောင်းခဲ့ဟုသိရ။
- ဂျပန်သံအမတ်များနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ-JICA မှ အရာရှိများ နေထိုင်သည့် ရန်ကုန်မြို့၊ ရွှေတောင်ကြားရှိ Prestige Residences ကွန်ဒိုကို စစ်အုပ်စုက ဧပြီလအတွင်း ဝင်ရောက်စီးနင်းခဲ့ကာ တားမြစ်သည့် မြန်မာနိုင်ငံသား မန်နေဂျာနှင့် ဝန်ထမ်းအချို့ကိုလည်း ရိုက်နှက်ခဲ့ပြီး CCTV မှတ်တမ်းများကိုလည်း ဖျက်ဆီးခိုင်းခဲ့ကြောင်း ဂျပန်နိုင်ငံအခြေစိုက် အဆာဟိရှင်ဘွန်းသတင်းဌာနက သတင်းရေးသားခဲ့။
- မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းများ၌ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ဆက်သွယ်ရေးအမှုဆောင်များကို ခွင့်ပြုချက် မရှိဘဲ



နိုင်ငံမှ ထွက်ခွာခွင့်မပြုရန် စစ်အုပ်စုက ညွှန်ကြားထားဟုသိရ။
- ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ သဲဂုဏ်ရွာ ဘုန်းတော်ကြီးကျောင်းသို့ ဂျူလိုင်(၄)ရက်၊ ည(၇)နာရီခန့်က စစ်အုပ်စုနှင့် ပျူစောထီးအဖွဲ့များက ဝင်ရောက်စီးနင်း၍ ကျောင်းထိုင်ဆရာတော်ကို ရိုက်နှက်မှုများ ပြုလုပ်ခဲ့သဖြင့် ကျောင်းရှိ သံဃာအချို့နှင့် ကျေးရွာနေ ပြည်သူများလည်း တိမ်းရှောင်နေကြရဟုသိရ။
- ကိုဗစ်ကူးစက်မှုများ မြင့်မား၍ Stay at Home ကြေညာထားခံရသည့် မြို့နယ်များရှိသည့် ရောဝတီတိုင်း၌ စစ်အုပ်စုက "အ" သုံးလုံးသင်တန်းဖွင့်ရန်ပြင်ဆင်နေဟု သိရ။
- ကနီမြို့နယ်၊ ထူးပေါက်ကျေးရွာ၌ တပ်စွဲထားသည့် စစ်အုပ်စုတပ်များက နံနက်ပိုင်းတွင် ကျေးရွာနေပြည်သူ(၄)ဦးကို ဓားစာခံ



အဖြစ် ခေါ်ဆောင်၍ လူသားဒိုင်း ပြုလုပ်ကာ ကျေးရွာအထက်ဘက်ရှိ လက်ပံစု၊ ဆင်အို၊ အိုင်သာကျေးရွာ ဘက်သို့ ကုန်းလမ်း၊ ရေလမ်းတို့မှ နှစ်ဖွဲ့ခွဲ၍ တက်သွားခဲ့ဟုသိရ။
- မင်းကင်းမြို့နယ်၊ ကျောက်ခဲတက်ကျေးရွာအတွင်းမှ ဒေသခံ(၃)ဦးကို စစ်အုပ်စုနှင့် ပျူစောထီးအဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး နံနက်ပိုင်းတွင် (၂)ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကာ ချင်းတွင်းမြစ်အတွင်းသို့ မျောချစွန့်ပစ်ခဲ့ဟုသိရ။
- ကောလင်းမြို့နယ်၌ ဂျူလိုင်(၄)ရက်၊ ညနေပိုင်းက အင်အားဖြည့်တင်းရန် တက်လာသည့် စစ်အုပ်စုယာဉ်တန်းကို KIA နှင့် ကောလင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုကားနှစ်စီး မီးလောင်ပျက်စီး၍ တပ်သား(၄၀)ခန့်သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- မော်လမြိုင်ကျွန်း (မော်ကျွန်း) မြို့နယ်၊ ဈေးလေးလမ်းရှိ အမှတ် (၁၂) ရပ်ကွက် စစ်ကျွန်အုပ်ချုပ်ရေးမှူးရုံး (ဌာနပြည်သူ့စစ်တပ်ခွဲရုံး)၌ ဂျူလိုင်(၄)ရက်၊ ည(၉)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပြည်သူ့စစ်အဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- မြင်းခြံမြို့၊ မလှိုင်၊ ရွှေပေါ်ကျွန်းကျေးရွာမှ စစ်အုပ်စုသတင်းပေး မမြမိုး မှာ ဂျူလိုင်(၄)ရက်၊ ညနေ(၃)နာရီက ဓားထိုးခံရပြီး သေဆုံးခဲ့ဟုသိရ။
- ရွှေဘိုမြို့နယ် ရွာသာရှိ CDM ဆရာ၊ ဆရာမများကို ဖိအားပေးခဲ့သည့် အ.မ.က ကျောင်းအုပ်ဖြစ်သူ ဦးကျော်ဦးမှာ ဂျူလိုင်(၄)ရက်၊ ညနေ(၄)နာရီခန့်က နေအိမ်အတွင်း ဓားနှင့် ဝင်ရောက်အခုတ်ခံရသဖြင့် သေဆုံးခဲ့ဟုသိရ။
- သာကေတမြို့နယ်၊ (၇)ဈေး၌ အိမ်သာစောင့်အဖြစ် လုပ်ကိုင်သူ စစ်ကျွန်ဒလံ မဌေးဌေးဝင်းမှာ နေ့လယ်ပိုင်းက သေနတ်နှင့် ပစ်ခတ်ခံရသဖြင့် ပခုံးနှင့် ပါးတွင် ဒဏ်ရာရရှိခဲ့ဟုသိရ။

### သွေး ရင်း သား ချင်း

ငါတို့တွေ မိုက်ရဲလို့
တိုက်ပွဲကို မျှော်နေကြတယ်
တိုက်ပွဲကို ခေါ်နေကြတယ်။

ပြည်သူ့အားပြုပြီး
တရားမျှတဖို့
အဓမ္မတွေ
ဤမြေမှာ
နေရာ မရှိစေရ။

သူခိုးကို
ဓါးရိုးမကမ်းနဲ့
ငါတို့ နန်းပလ္လင်မှာ
အာဏာရှင်မျိုး
မစိုးစံစေရ။

မခွဲတသက်
တွဲလက်ညီအောင်
တည်ထောင်ပြုလို့
ပြည်ထောင်စုကို ကာကွယ်စို့။

**လက်ဂွ**

- ရန်ကုန်၊ ကြည့်မြင်တိုင်၊ မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်း။ မန္တလေး၊ ချမ်းမြသာစည် သပိတ်စစ်ကြောင်း၊ တပ်ပေါင်းစုသပိတ်၊ အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံသပိတ်စစ်ကြောင်း၊ မန်းလူငယ်နှင့်မန္တလာတက္ကသိုလ် စုပေါင်း စစ်ကြောင်း၊ သံဃာသမဂ္ဂ၊ သာစည်။ ဘုတလင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ ကလေးမြို့။ မကွေး-ဂန့်ဂေါ။ တန့်ဆည်။ မြိုင်။ ရေဖြူ။ ကံပေါက်။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့ လုံးခင်းအုပ်စု၊ တာမခန်စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။ ရင်းမြစ်-မဇ္ဈိမ

